## မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသောကလေးများအတွက် သာမန်မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားလိုခြင်းကိစ္စ

(၁) သံရုံးဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော ကလေးအတွက် မနလထုတ်ပေးပါရန် လျှောက်လွှာအားပြည့်စုံစွာ ဖြည့်စွက်တင်ပြရန် ဖြစ်ပါသည်။

(၂) ကိုယ်ရေးရာဇဝင်များနှင့် ရောင်စုံဓါတ်ပုံ(၁)ပုံစီ

(ဓါတ်ပုံမှာ- ၃၅ x ၄၅ mm အရွယ်အစား၊ ရောင်စုံဓါတ်ပုံ-နောက်ခံအဖြူ၊ နားရွက်ပေါ်၍ မျက်နှာတွင် ဆံပင်ဖုံးအုပ်ခြင်း မရှိစေရပါ။ (၂)လအတွင်း ရိုက်ကူးထားသော ဓါတ်ပုံဖြစ်ရပါမည်။)

(၃) မိခင်၊ ဖခင်တို့၏ မနလမိတ္တူများ(၁)စုံစီ (မနလ၏ ဓါတ်ပုံနှင့် အချက်အလက်များ ပါရှိသော ရှေ့စာမျက်နှာအပါအဝင် အသုံးပြုပြီးသော စာမျက်နှာအားလုံး၊ မိခင်၊ ဖခင်တို့၏ မြန်မာနိုင်ငံသား စိစစ်ရေး ကတ်ပြားမိတ္တူများနှင့် မြန်မာနိုင်ငံရှိ သန်းခေါင်စာရင်းမိတ္တူ တင်ပြရန် ဖြစ်ပါသည်။

(၄) ဂျပန်မြို့နယ်ရုံးမှ ထုတ်ပေးထားသော လက်ရှိမိသားစုစာရင်းမူရင်း တင်ပြရန် ဖြစ်ပါသည်။

(၅) မိခင်၊ ဖခင်တို့၏ Resident card မိတ္တူများ(၁)စုံစီ တင်ပြရန်ဖြစ်ပါသည်။

(၆) လက်ထပ်စာချုပ်မိတ္တူ တင်ပြရန် ဖြစ်ပါသည်။ ဂျပန်နိုင်ငံ မြို့နယ်ရုံးတွင် လက်ထပ်ပါက လက်ထပ်စာချုပ်မူရင်းနှင့် အင်္ဂလိပ်ဘာသာပြန်ထားသည့် နိုတြီမိတ္တူ တင်ပြရန် ဖြစ်ပါသည်။ ဂျပန်နိုင်ငံရှိ Notary ပြန်ခွင့်ရှိသော ရှေ့နေမှ ဘာသာပြန်ထားသည့် Notary မူရင်းတင်ပြရပါမည်။

(၇) ကလေး၏-

(က) ဆေးရုံမှထုတ်ပေးထားသော မွေးစာရင်းမိတ္တူ

(ခ) ဂျပန် မြို့နယ်ရုံးမှ ထုတ်ပေးထားသော မွေးစာရင်းမူရင်း

(ဂ) အင်္ဂလိပ်ဘာသာဖြင့် မွေးစာရင်း နိုတြီမိတ္တူ တင်ပြရန် ဖြစ်ပါသည်။

မှတ်ချက်။ သံရုံးတွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ်လာရောက်လျှောက်ထားစဉ် အမှတ်စဉ် (၁) မှ (၆) အထိအား မူရင်း (၁) စုံပေးရန်လိုအပ်ပါသည်။

(၈) မနလအသစ်ကြေးမှာ ယန်း ၆,၀၀၀/- ဖြစ်ပြီး၊ ထောက်ခံစာကြေးအတွက် ယန်း ၃,၀၀၀ ဖြစ်ပါသည်။

(၈) သံရုံးမှ လိုအပ်သည့်စိစစ်မှုများပြုလုပ်ပြီး လျှောက်ထားသူထံ ဆက်သွယ်အကြောင်းကြားသည့်အခါ ကျသင့် ငွေများအား Sumitomo Mitsui Bank Corporation (SMBC)၊ Gotanda Branch၊ Current Account #4035008 ၊Embassy of the Republic of the Union of Myanmar, Tel: 03-3441-9291 သို့ ပေးသွင်းရန် ဖြစ်ပါသည်။ ပေးသွင်းပြီးပါက ပေးသွင်းထားသည့် ဘဏ်ချလံ (မူရင်း) အား သံရုံးသို့ ပြန်လည်တင်ပြရန် ဖြစ်ပါသည်။

(၉) လိုအပ်ပါက သံရုံးမှ ထပ်မံတောင်းခံမည့် အထောက်အထားများ တင်ပြရန် ဖြစ်ပါသည်။

မနလ - သာမန်မြန်မာနိုင်ငံကူးလက်မှတ်